# Revenue Sharing and Fiscal Federalism





U Thuta
20_Dec_2025
21 _Dec_2025

# ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဆိုင်ရာအစီအမံများ၏ရည်ရွယ်ချက်

1) ပြည်ထောင်စု၏ဘဏ္ဍာရေးဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည်နယ်များ၏ခေါင်းဆောင် များပါဝင်မှုရှိစေသော ဆွေးနွေးညှိနှိုင်းမှုယန္တရားများကို ဥပဒေအရထူထောင်ထားရှိခြင်းဖြင့် ပွင့်လင်း မြင်သာမှု တန်းတူညီမျှမှုကိုအာမခံရန်။

2) ပြည်နယ်များအကြား၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုကို မျှတအောင်ဆောင်ရွက်ခြင်းဖြင့် ကွာဟချက်များကို လျော့ပါးစေပြီး တပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန်။

3) ပြည်နယ်များကို အခွန်ကောက်ခံနိုင်သည့်စာရင်းများသတ်မှတ်ပေးခြင်းဖြင့် အခွန်ငွေတိုးပွားစေခြင်း ဘဏ္ဍာငွေလွှဲပြောင်းမှုနှင့် မျှတရေးအစီအစဉ်များကို ဖွဲ့စည်းပုံဥပဒေတွင်ပြဋ္ဌာန်းပေးခြင်းဖြင့် ပြည် နယ်များ၏ဘဏ္ဍာငွေအရင်းအမြစ်များကိုတိုးပွားလာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကိုထိရောက်စွာလုပ်ဆောင်နိုင်စေရန်။

4) ဘဏ္ဍာရေးဆိုင်ရာအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအာဏာများကိုဥပဒေအရ ပြည်နယ်များသို့ခွဲဝေအပ်နှင်းပေးခြင်းဖြင့် ဗဟိုအစိုးရ၏နိုင်ငံရေးသြဇာလောင်းရိပ်မှကင်းလွတ်စေရန်။

5) အချို့သောအခွန်ကောက်ခံမှုလုပ်ငန်းများတွင် ပြည်နယ်အစိုးရများပါဝင်ခြင်းဖြင့် အခွန်ကောက်ခံနိုင်မှုစွမ်းရည်တိုးမြှင့်လာစေရန်၊ အခွန်ဌာနအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးလုပ်ငန်းများတွင်ကုန်ကျစရိတ် လျော့ချနိုင်ရန်။

# ဘဏ္ဍာရေးဆိုင်ရာအစီအမံများ



- ဝင်ငွေရှာဖွေမှု (အခွန်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ)
- အသုံးစရိတ်ခွဲဝေမှုအစီအမံ (Budget allocation)
- ငွေကြေးလွှဲပြောင်းမှု (Financial Transfer)
- မျှတရေးဆိုင်ရာအစီအမံ (Financial Equalization Measures)

# ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းရမည့် ဘဏ္ဍာရေးဆိုင်ရာခွဲဝေမှုပြဌာန်းချက်များ

**01**

ပြည်နယ်များကိုအချို့သော အခွန်များကိုယ်ပိုင်စီမံ ကောက်ခံခွင့်ပေးခြင်း။

**02**

ဗဟိုအစိုးရကအခွန် ကောက်ခံပြီး ပြည်နယ်များ ကို (မျှဝေအခွန်) ပြန်လည် ပေးအပ်ခြင်း။

**03**

ဗဟိုအစိုးရ၏ရန်ပုံငွေ/ဝင်ငွေများထဲကနေ ပြည်နယ်များကိုလွှဲပြောင်းပေးအပ်ခြင်း။
(ဥပမာ-ကနေဒါ၊ မက္ကဆီကို၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စု)

**04**

(မျှဝေခွန်)+(ငွေကြေးလွှဲပြောင်းပေးအပ်ခြင်း)_ အိန္ဒိယ-စပိန်-ဘရာဇီးလ်-ဘယ်လ်ဂျီယမ်-ဩစတေးလျ)

**အမေး= ပြည်နယ်များသည် (ကိုယ်ပိုင်အခွန်ကောက်ခံခွင့်)ရထားသည့်အပြင် ဗဟိုအစိုးရကကောက်ခံ ထားသည့်အခွန်ဝေစုများထဲမှ (ပြည်နယ်တွေကိုထပ်ပြီးမျှဝေ)ရမည်ဆိုလျှင် ဗဟိုအစိုးရမှာရန်ပုံငွေ ကျန်နိုင်မလား?**

**အဖြေ= ကျန်နိုင်ပါတယ် (ဗဟိုမှာအခြားဝင်ငွေများစွာရှိပါသေးတယ်)**

- **နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကထည့်ဝင်ငွေ (SOEs)**
- **ဗဟိုဘဏ်၏အမြတ်ငွေများ**
- **အမျိုးမျိုးသောတိုက်ရိုက်ပေးသွင်းငွေများ**

**ဗဟိုရန်ပုံငွေမှပြည်နယ်များသို့ ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်ခြင်း**

(၁)သတ်မှတ်ချက်ပါသော ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်ခြင်း

(၂) သတ်မှတ်ချက်မပါသော ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်ခြင်း

## (၁) သတ်မှတ်ချက်ပါသော ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်ခြင်း

တစ်နိုင်ငံလုံးအတိုင်းအတာ သက်ရောက်အကျိုးပြုမည့် ပညာရေး၊ သုတေသနနှင့် Federal Infrastructure ဖက်ဒရယ်အခြေခံအဆောက်အအုံများ (ဥပမာ- အဝေးပြေးကားလမ်းမကြီးများ၊ မဟာဓာတ်အားလိုင်းကြီး များတည် ဆောက်ခြင်း)
ပြည်နယ်များအကြား ဆင်းရဲ၊ချမ်းသာကွာဟချက်ကျဥ်းမြောင်းအောင် ဆောင်ရွက်ပေးတဲ့မျှတရေးအစီအမံများရဲ့ အစိတ်အပိုင်းအနေနဲ့ ဆောင်ရွက်ခြင်း။

## (၂) သတ်မှတ်ချက်မပါသော ဘဏ္ဍာငွေလွှဲပြောင်းပေးအပ်ခြင်း

(က)ပုံသေနည်းကိုအသုံးပြုခွဲဝေခြင်း
(ခ)မျှတရေးဆိုင်ရာမူဝါဒအခြေပြုခွဲဝေခြင်း

**(က)ပုံသေနည်းအသုံးပြုခွဲဝေခြင်း**

- အန္ဒိယဖက်ရရယ်အစိုးရက ဒီနည်းလမ်းကိုအသုံးပြုပြီး ဗဟိုအစိုးရရံပုံငွေ/ဝင်ငွေထဲက (၄၂%)ကို ပြည်နယ်အစိုးရတွေဆီလွှဲပြောင်းပေး။
- အောက်ပါစံနှုန်းများကိုအသုံးပြု၍ ပြည်နယ်များအကြားပြန်လည်ခွဲဝေ

1. တစ်ဦးချင်းဝင်ငွေ(GDP)အမြင့်ဆုံးနှင့်အနိမ့်ဆုံးအကြားကွာဟချက်အခြေပြု - 50%
2. လူဦးရေအခြေပြု - 10%
3. သစ်တောဖုံးလွှမ်းမှုဧရိယာအခြေပြု - 7.5%
4. ပြည်နယ်အကျယ်အဝန်းအခြေပြု- 7.5%
5. အခွန်ဘဏ္ဍာဆိုင်ရာအားထုတ်မှု (အခွန်ပိုရ၊ကုန်ကျစာရိတ်နည်း)
အခွန်ဘဏ္ဍာကျင့်ဝတ်စည်းကမ်းများလိုက်နာမှု (ဆုပေး၊ဒဏ်ပေးစနစ်) - 7.5%

## ဘဏ္ဍာငွေလွှဲပြောင်းမှုအစီအစဉ်နှင့် မြန်မာနိုင်ငံ

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးတွင်အောက်ပါစံနှုန်းများအရ ပုံသေနည်းအခြေပြုဘဏ္ဍာငွေလွှဲပြောင်းခြင်းကိုကျင့်သုံးခဲ့။

1)လူဦးရေ
2)အကျယ်အဝန်း
3)တဦးကျ (GDP)
4)တဦးကျအခွန်ဝင်ငွေ
5)ဆင်းရဲမွဲတေမှုအညွှန်းကိန်း
6)မြို့ပြလူဦးရေနှင့်ကျေးလက်လူဦးရေကြားကွာဟချက်

တဦးကျ (GDP) → အခွန်ဆိုင်ရာကြိုးစားအားထုတ်မှု၊ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများ

(ဆင်းရဲချမ်းသာကွာဟချက်ကြီးမား) လိုက်နာမှု။

တဦးကျအခွန်ဝင်ငွေ → ပြည်နယ်တစ်ခုစီရဲ့ စုစုပေါင်းအခွန်ဝင်ငွေ။

(လူဦးရေနည်းတဲ့ချင်းပြည်နယ်၊ကရင်နီပြည်နယ်မှာတဦးကျအခွန်ဝင်ငွေမြင့်မားလာနိုင်)

Note: ဘဏ္ဍာငွေလွှဲပြောင်းမှုနဲ့ပက်သက်တဲ့စည်းကမ်းနဲ့ အစီအမံများရေးဆွဲပြဌာန်းချက်များကို လွှတ်တော် နှင့်အုပ်ချုပ်ရေးကဏ္ဍ၊ ဘက်ဂျက်ဆိုင်ရာညှိနှိုင်းအစည်းအဝေးများကပြဌာန်းပါသည်။



# အခွန်ဇယား

- ဗဟိုအစိုးရကကောက်ခံခွင့်ရှိသောအခွန်စာရင်း
- ပြည်နယ်အစိုးရကကောက်ခံခွင့်ရှိသောအခွန်စာရင်း
- ဒေသန္တရအစိုးရကကောက်ခံခွင့်ရှိသောအခွန်စာရင်း
- ဗဟိုနှင့်ပြည်နယ်ပူးတွဲကောက်ခံတဲ့အခွန်စာရင်း(မျှတခွန်)

- **ဘယ်သူကအခွန်ကောက်ခံမှာလဲ ( Tax Collector) ဗဟို (သို့မဟုတ်)ပြည်နယ်??**

| | |
|---|---|
| **Tax Base** | အခွန်အရင်းအမြစ် |
| **Tax Rate** | အခွန်နှုန်းထား |

အခွန်နှုန်းထားကို အများအားဖြင့် ဗဟိုအစိုးရကသတ်မှတ်၊ ပြည်နယ်များကိုသတ်မှတ်ခွင့်ပေးထားလျှင် ပြည်နယ်ချင်းပြိုင်ဆိုင်မှုများဖြစ်ပွားနိုင်၊ စီးပွားရေးလုပ်ငန်းများပြောင်းရွှေ့မှုဖြစ်လာပြီး စီးပွားရေးမတည်မငြိမ်ဖြစ်လာနိုင်သည်။

# မြန်မာနိုင်ငံအခွန်စနစ်နှင့် အခွန်အမျိုးအစားများ (ဗဟိုအစိုးရကောက်ခံ)

**1.ဝင်ငွေခွန် (Income Tax)**

(က)ဝန်ထမ်းလစာဝင်ငွေခွန်

(ခ)ကော်ပိုရိတ်ဝင်ငွေခွန်

(ဂ)ပုဂ္ဂလိကဝင်ငွေခွန်

**2.ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားသုံးစွဲမှုမှ ကောက်ခံအခွန်**

(က)ကုန်သွယ်လုပ်ငန်းခွန်
(ခ) အထူးကုန်စည်ခွန်
(ဂ) အရောင်းခွန်
(ဃ) အောင်ဘာလေသိန်းဆုခွန်
(င) သွင်းကုန်လိုင်စင်ကြေး/ ပါမစ်ကြေး

**3. နိုင်ငံပိုင်သယံဇာတထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်**

(က)ရေနံ၊ သဘာဝဓာတ်ငွေ့ အခွန်
(ခ) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းခွန်
(ဂ) ဓါတ်သတ္တုခွန်၊ တွင်းဝခွန်

**4.ပိုင်ဆိုင်မှုအခွန် (Properties Tax)**

**5. အကောက်ခွန် (Customs Duties)**

**6.တန်ဖိုးမြင့်ထပ်တိုးခွန် (Value Added Tax)**

**မျှတခွန်**

ဗဟိုအစိုးရက ကောက်ခံသောအခွန်ဖြစ်သော်လည်း ပြည်နယ်များသို့ ရာခိုင်နှုန်းချမှတ်၍ ပြန်လည်မျှဝေပေးသောအခွန်အမျိုးအစားများ။

- ကုန်သွယ်လုပ်ငန်းခွန် - 15%
- အထူးကုန်စည်ခွန် - 15%
- ဝင်ငွေခွန် - 5%
- တံဆိပ်ခေါင်းခွန် - 2%

မျှတခွန်ခွဲဝေမှုကွာဟချက်
(၂၀၂၀_၂၀၂၁)
ရန်ကုန်တိုင်း
၂၄၈ ဘီလီယံ_၆၇ %
ကျန်တိုင်း/ပြည်နယ် ၁၃ - ၃၂%

## ၂၀၀၈ ဖွဲ့စည်းပုံ _ ဇယား (၅)
## တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များကကောက်ခံရမည့်အခွန်များ

- မြေယာခွန်
- ယစ်မျိုးခွန်
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခွင့်ရှိသည့်ဆည်များကို အရင်းခံသည့်ရေခွန်၊ တာတမံခွန်၊ ရေအားလျှပ်စစ်ဓာတ်အား သုံးစွဲခ
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် လမ်း၊ တံတားဖြတ်သန်းခ။
- ရေချိုငါးလုပ်ငန်းခွန်
- ပင်လယ်ငါးဖမ်းခွန် (သတ်မှတ်ထားသောအကွာအဝေးအတွင်း)
- သစ်တောခွန်

  (က) ကျွန်းနှင့်သစ်မာများမှအပ ကျန်သစ်များအပေါ်တွင်ကောက်ခံသည့်အခွန်(သတ်မှတ်ထားသော)

  (ခ) သစ်တောထွက်ပစ္စည်းအခွန် ထင်း/မီးသွေး/ကြိမ်/ဝါး
- ပွဲခွန်
- ဆားခွန်

**ဗဟို/ပြည်ထောင်စုနှင့်တိုင်းနှင့်ပြည်နယ်အခွန်ရရှိမှုကွာဟချက် (၂၀၂၀_၂၀၂၁)**

Ø ဗဟို/ပြည်ထောင်စု ၈၆၁၅ ဘီလျံကျပ်

Ø တိုင်း/ပြည်နယ်များ ၁၆၄ ဘီလျံကျပ်

# ပြည်နယ်/တိုင်းဒေသကြီးများအကြား ဘဏ္ဍာရေးအရမျှတမှုရှိစေရန် ကွာဟချက်ကျဉ်းမြောင်းစေရန် Financial Policy and Tax Reform အကြံပြုချက်

1)ပြည်နယ်/တိုင်းဒေသကြီးတွေမှာ အခွန်ကောက်ခံမှုလုပ်ပိုင်ခွင့်သတ်မှတ်ရာမှာ တစ်ခုချင်းစီအလိုက် ကောက်ခံရန်အဆင်ပြေပြီး ထိရောက်သော အခွန်အမျိုးအစားများခွဲဝေပေးရန်။

2)ဖက်ဒရယ်အစိုးရကကောက်ခံပြီး ပြည်နယ်/တိုင်းဒေသကြီးတွေကိုခွဲဝေပေးသည့် မျှတရေးအစီအမံ များ (အခွန်ဝေစု)တွက်ချက်တဲ့အခါ "အခွန်ကောက်ခံသည့်ဒေသကိုအခြေပြုနည်းလမ်း" (Derivation) တခုထဲအသုံးပြုခြင်းမဟုတ်ဘဲ "မျှတရေးဆိုင်ရာမူနှင့်ပုံသေနည်း"တွေသုံးပြီးခွဲဝေပေးရန်။

3)လက်ရှိအခွန်ခံစနစ်မှ၊ တန်းဖိုးမြှင့်ထပ်တိုးခွန် (VAT) ခံစနစ်ကိုပြောင်းလဲရန်။

4)ဘဏ္ဍာရေးကော်မရှင် (Federal Finance Commission)ဖွဲ့သည့်နေရာမှာ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားပြုပါဝင်မှုအပြင်၊ သီးခြားလွတ်လပ်တဲ့ဘဏ္ဍာရေးဆိုင်ရာ ပညာရှင်များထဲ့သွင်းဖွဲ့စည်းရန်။

5)အောင်ဘာလေသိန်းဆုခွန်၊ သွင်းကုန်လိုင်စင်ကြေး/ပါမစ်ကြေး မျှတခွန်များဖြစ်သည့် ကုန်သွယ် လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်များကို ပြည်နယ်/တိုင်းအဆင့်ကောက်ခံခွင့်ပေးသင့်ပြီး မျှဝေမှုပုံစံတွင် မျှတရေးဆိုင်ရာပုံသေနည်းသုံးရန်။

6)ရေနံ၊ သဘာဝဓာတ်ငွေ့အခွန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းခွန်များကို "မျှတခွန်" အနေဖြင့်ထားသင့်၊ ဓာတ်သတ္တုခွန်၊ တွင်းဝခွန်ကို သယံဇာတထွက်ရာဒေသကို ရာခိုင်နှုန်းတစ်ခုပေးသင့်၊ ရွှေအတွက်သီးသန့်အခွန်ဥပဒေပြဌာန်းသင့်။

7)ပိုင်ဆိုင်မှုအခွန် (Properties tax) ကိုပြည်နယ်များကောက်ခံခွင့်ပေးသင့်။

8)ဝင်ငွေခွန် (Income tax) တွင်ဝန်ထမ်းလစာဝင်ငွေခွန်ကို ပြည်နယ်/တိုင်းသို့ကောက်ခံခွင့်ပေးသင့်ပြီး၊ ကော်ပိုရိတ်ဝင်ငွေခွန်နှင့်ပုဂ္ဂလိကဝင်ငွေခွန်ကို ဗဟိုမှကောက်ခံပြီး "မျှဝေခွန်" အဖြစ်ထားသင့်။



တောင်အာဖရိက၊ ဂျာမနီဖက်ဒရယ်စနစ်တွင် အထက်လွှတ်တော်က ပြည်နယ်ကိုယ်စားလှယ်အနေနဲ့ပါဝင်ပြီး အခွန်၊ဘဏ္ဍာဆိုင်ရာအစီအမံများကို ဗဟိုအစိုးရနှင့်ညှိနှိုင်းဆွေးနွေး။

ခက်ခဲသည့်အခွန်ကောက်ခံမှုလုပ်ငန်းများကို ဖက်ဒရယ်အစိုးရက တာဝန်ယူကောက်ခံ။


ဥပမာ-

·Online စီးပွားရေးလုပ်ငန်းများ

·Corporate Tax ကော်ပိုရေးရှင်းကြီးများ၏ရုံးချုပ်များသည် မြို့တော်များတွင်အများဆုံးတည်ရှိ

20 Dec 2025

# ၂၀၂၀-၂၀၂၁ ဘက်ဂျက်နှင့်အခွန်ကောက်ခံရရှိငွေ (ဗဟိုအစိုးရ)



- 31.36% ကျပ်ဘီလီယံ ( 8614 အခွန်)

| | အခွန်အမျိုးအစား | ကျပ်ဘီလီယံ |
|---|---|---|
| ၁ | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားသုံးစွဲမှုမှ ကောက်ခံခွန် | ၄၄၀၉ |
| ၂ | ဝင်ငွေခွန်နှင့်ပိုင်ဆိုင်မှုအပေါ်မှာကောက်ခံသည့် အခွန် | ၂၇၅၄ |
| ၃ | နိုင်ငံပိုင်သယံဇာတထုတ်ယူသုံးစွဲမှုမှကောက်ခံ သည့်အခွန် | ၉၄၁ |
| ၄ | အကောက်ခွန် (Custom Duties) | ၅၂၀ |
| | စုစုပေါင်းအခွန်အကောက်ရရှိငွေ | ၈၆၁၄ |

## မှတ်ချက်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း
- ဝင်ငွေခွန်
- ကုန်သွယ်ရေးလုပ်ငန်းခွန်နှင့်
- အထူးကုန်စည်ခွန်မှကျပ်ဘီလီယံ ၂၇၅၄ ရရှိ
- ဝင်ငွေခွန်-၅ရာခိုင်နှုန်း
- ကုန်သွယ်ရေးလုပ်ငန်းခွန်-၁၅ ရာခိုင်နှုန်း
- အထူးကုန်စည်ခွန် - ၁၅ ရာခိုင်နှုန်း
- တံဆိပ်ခေါင်းခွန် - ၂ ရာခိုင်နှုန်း တိုင်းနှင့် ပြည်နယ်များကိုသို့ခွဲဝေပေးအပ်

စုစုပေါင်းခွဲဝေပေးအပ်ငွေ - ၃၆၈ ဘီလီယံကျပ်
ရန်ကုန်တိုင်း - ၂၄၈ ၆၇%
ကျန်တိုင်းနှင့်ပြည်နယ်(၁၃)ခု -၁၂၀၃၂%

သဘာဝသယံဇာတမှကောက်ခံသည့်အခွန် - ၉၃၁ ဘီလီယံ
ဆက်သွယ်ရေးကဏ္ဍာအခွန် -၃၈၇ ဘီလီယံ
ရေနံနှင့်သဘာဝဓာတ်ငွေ့ -၃၈၇ ဘီလီယံ
အခြားသယံဇာတအခွန် -၂၁၀ ဘီလီယံ
(သတ္တု၊ကျောက်မျက်၊ရွှေ)

# အခွန်ခွဲဝေမှုဆိုင်ရာအခြေခံမူများ

(ပ)(ဒ)(တ)အလွှာအစိုးရများ၊ ဖက်ဒရယ်/ပြည်နယ်/ဒေသန္တရဖွဲ့စည်းပုံကပေးအပ်ထားသည့် လုပ်ပိုင်ခွင့် Expenditure Lists အပေါ်မှာအခြေခံပြီး အခွန်ဘဏ္ဍာခွဲဝေမှုလုပ်ပါတယ်။ အခွန်ကောက်ခံခြင်းဆိုင်ရာလုပ် ပိုင်ခွင့်အာဏာခွဲဝေတဲ့အခါ ထည့်သွင်းစဉ်းစားရမည့်အခြေခံမူများ-

(၁)စီးပွားရေးဆိုင်ရာလုပ်ဆောင်နိုင်မှုအခြေအနေ (Economic Efficiency)

စီးပွားရေးကောင်းပြည်နယ် → အခွန်များများရ → ပြည်သူ့ဝန်ဆောင်မှုကောင်းအောင်လုပ်နိုင်

-Corporate Income Tax, Value Added Tax, Sale Tax, Personal Income Tax တွေကစီးပွားရေးအပေါ်သက်ရောက်မှုရှိ။

ဒီအခွန်မျိုးတွေကိုဗဟိုကကောက်ခံပြီး ပြည်နယ်များကိုပြန်လည်မျှဝေ။

(၂) အမျိုးသားရေးတန်းတူညီမျှမှု (National Equality)

စီးပွားရေးအရင်းအမြစ်၊ သယံဇာတအရင်းအမြစ် ပေါ်မူတည်ပြီး ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟနိုင်။ ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ်မှာ အမျိုးသား ရေးတန်းတူညီမျှမှုကို မျှတရေးအစီအမံတွေ၊ အခွန်မျှဝေမှုနည်းလမ်းများမှတစ်ဆင့် အကောင်အထည်ဖော်။

(၃) အုပ်ချုပ်ရေးဆိုင်ရာဖြစ်နိုင်ခြေနှုန်း (စည်းကမ်းလိုက်နာမှုဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာကုန်ကျစရိတ် များ)

Property tax, License Tax, Royalties Tax စသည့် Tax တွေကို ပြည်နယ် ဒေသန္တရအဆင့်က စီမံကြီးကြပ်ရင်ပိုထိရောက်၊ စီမံခန့်ခွဲမှုကုန်ကျစရိတ်သက်သာ။

(၄) ဘဏ္ဍာရေးလိုအပ်ချက် (သို့) ဝင်ငွေလုံလောက်မှုစံနှုန်း

ပြည်နယ်တွေရဲ့၊ ကိုယ်ပိုင်ဝင်ငွေရင်းမြစ်ရှာဖွေခွင့် ကိုထိထိရောက်ရောက်ပေးအပ်ထားခြင်းဖြင့် ဘဏ္ဍာရေးဆိုင်ရာအမှီအခိုကင်း ၊ စီးပွားရေးအရပိုမိုတည်ငြိမ်နိုင်။

# Thank you



U Thuta
20_Dec_2025
21_Dec_2025